သင့်အကျိုးခံစားခွင့်အားလုံးကို လင့်လောလိုက်ပါ

# အဓိကအချက် သယ်ယူပို့ဆောင်ရေး

သင့်ကျန်းမာရေးသည်ကျွန်ုပ်တို့အတွက်အရေးပါသည်။ ထို့ကြောင့်သင့်အကျိုးခံစားခွင့်များတွင် **Oregon Health Plan(OHP)** မှတစ်ဆင့် အာမခံကြေးပေးထားသောကျန်းမာရေးစောင့်ရှောက်မှုချိန်းဆိုခြင်းများနှင့် ဝန်ဆောင်မှုများသို့သွားရောက်ရန်အကူအညီများပါဝင်သည်။ အကယ်၍သင့်ထံတွင် အာမခံကြေး ပေးအပ်ထားသောကျန်းမာရေးစောင့်ရှောက်ခြင်းချိန်းဆိုမှုကို မည်သို့မှ သွားရောက်ရန်မဖြစ်နိုင်ပါက ကျွန်ုပ်၏လုပ်ဖော်ဆောင်ဖက် **Ride to Care** သည် သင့်ကိုထိုနေရာသို့ ပို့ဆောင်ပေးနိုင်ပါသည်။

## ချိန်းဆိုထားသောနေရာများသို့ သွားရောက်ရန် နည်းလမ်းသုံးသွယ်

### Ride to Care အသုံးပြုသူဝန်ဆောင်မှုအဖွဲ့သည် သင့်လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် အသင့်လျော်ဆုံးနှင့် ကုန်ကျစရိတ်အနည်းဆုံးနည်းလမ်းကိုရှာဖွေနိုင်ရန် သင်နဲ့အတူဆောင်ရွက်ပါမည်-

**အများပြည်သူသယ်ယူပို့ဆောင်ရေး**

ကျွန်ုပ်တို့သည် နေ့စဉ် သို့မဟုတ် လစဉ်သယ်ယူပို့ဆောင်ရေးကားလက်မှတ်များကို ပေးအပ်ပါသည်။ ကျွန်ုပ်တို့သည် သင့်ချိန်းဆိုမှုများအကြောင်း ဆွေးနွေးကြမည်ဖြစ်ပြီး သင်၏ကြိုတင်ချိန်းချက်ထားသော ဆရာဝန်နှင့်ပြသမှုများနှင့် ကိုက်ညီမည့် တစ်ရက် သို့မဟုတ် လစဉ်ကားလက်မှတ်များကို ပေးအပ်ရန် ဆုံးဖြတ်ကြပါမည်။

**ပြန်အမ်းငွေ**

ကျွန်ုပ်တို့သည် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ခရီးစရိတ်အတွက် တစ်မိုင်လျှင်ကုန်ကျမည့်နှုန်းထား အလိုက် ပေးချေပေါသည်။ သင်ကိုယ်တိုင်ကားမောင်းနိုင်ပါသည် သို့မဟုတ် အခြားသူတစ်ယောက်သည် သင့်ကိုယ်စားကားမောင်းနိုင်ပါသည်။ ပြန်အမ်းငွေကို ကြိုတင်ငွေပေးသွင်းထားသော ဒက်ဘစ်ကတ်ထဲတွင် ထည့်သွင်းထားပါသည်။

**သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ**

ကျွန်ုပ်တို့သည် သီးသန့်နှင့် မျှဝစီးနင်းခြင်းများကို ကြိုတင်အစီအစဉ်ချနိုင်ပါသည်။ သင်၏ဆေးကုသမှုဆိုင်ရာလိုအပ်ချက်များအပေါ်အခြေခံကာ ကျွန်ုပ်တို့သည် ဆီဒင်ကား၊ ဘီးတပ်ကုလားထိုင်ဗင်ကား၊ လှည်းတင်ယာဉ် သို့မဟုတ် အရေးပေါ်မဟုတ်သောလူနာတင်ယာဉ်များကို ကျွန်ုပ်တို့ ပို့ဆောင်ပေးနိုင်ပါသည်။

တစ်နေ့ချင်း သို့မဟုတ် နောက်တစ်ရက်တွင် စီးနင်းရန်ယာဉ်ကို တောင်းဆိုရန် သင့်ထံတွင် အခွင့်အရေးရှိပါသည်။ သို့သော်လည်း သင့်တောင်းဆိုမှုသည် အချိန်နီးကပ်လွန်းပြီး ယာဉ်တောင်းဆိုမှု များသောအချိန်ဖြစ်ပါက ကျွန်ုပ်တို့သည် ဆေးကုသမှုဆိုင်ရာအရေးပေါ် တောင်းဆိုမှုများကို ဦးစားပေးပါသည်။

**Ride to Care** သို့ဆက်သွယ်ပါ ပို့မိုလင့်လောရန်
**855-321-4899**
သို့မဟုတ် **TTY 711.**

မည်သည့်ဝန်ဆောင်မှုသည် သင်နှင့်သင့်လျော်သနည်းဆိုသည်ကိုသိရှိရန် **Ride to Care** သို့ **855-321-4899** သို့မဟုတ် **TTY 711** မှတဆင့်ဆက်သွယ်ပါ။ သင့်ဖုန်းခေါ်ဆိုသည့်အချိန်တွင်း သင့်အကြောင်းနှင့် သင်တောင်းဆိုသောခရီးစဉ်အကြောင်း ကျွန်ုပ်တို့မေးမြန်းပါမည်။ ဖြစ်နိုင်ပါက သင့်သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြီးကြိုတင်စီစဉ်ရန် ကျေးဇူးပြု၍ကျွန်ုပ်တို့ကို ကျန်းမာရေးစောင့်ရှောက်ခြင်း ချိန်းဆိုမှုမတိုင်မီ ရုံးတက်ရက်နှစ်ရက်အလိုတွင် ဖုန်းခေါ်ဆိုပေးပါ။ သင်သည် ရက်ပေါင်း **90** အထိ ကြိုတင်စီစဉ်နိုင်ပါသည်။

သိရှိလိုသည်များရှိပါက **CareOregon Customer Service** ထံသို့ **800-224-4840** မှတဆင့် ဆက်သွယ်ပါ။

**careoregon.org**

health share
Health Share of Oregon

CareOregon®

# CareOregon အကြောင်းသိရှိရန်လင့်လာပါ

**သယ်ယူပို့ဆောင်ရေးသည် CareOregon ကပေးအပ်သော ဝန်ဆောင်မှုတစ်မျိုးဖြစ်ပါသည်။**

**သင့် Medicaid ကျန်းမာရေးအစီအစဉ်မှပေးသောဝန်ဆောင်မှုတစ်ခုဖြစ်သည်။** ကျွန်ုပ်တို့အကြောင်း ဤနေရာတွင် ပိုမိုလင့်လာပါ။

**Oregon** ပြည်နယ်၏ **Medicaid** အကြောင်းလူများပြောဆိုကြသောအခါ ၎င်းတို့သည် မတူညီသောနာမည် သို့မဟုတ် စာလုံးအများအပြား ပြောဆိုကြသည်ကို သင်ကြားကောင်းကြားရပါမည်။ အကြောင်းမှာ သင်နှင့်ထိုက်တန်သောစောင့်ရှောက်မှုကိုရရှိကြောင်း သေချာစေရန် ပါဝင်လုပ်ဆောင်လျက်ရှိသော အဖွဲ့အစည်းများစွာရှိသောကြောင့်ဖြစ်ပါသည်။ ဤအရာအားလုံးကို သင်မည်သို့နားလည်နိုင်မည်နည်း။

---

## ၎င်းသည် Oregon ပြည်နယ်ရှိ Medicaid အကြောင်းကို ပိရမစ်ပုံစံ စဉ်းစားတတ်ရန်ကူညီပေးသည်

**Oregon Health Authority (OHA)** သည် Oregon တစ်ပြည်နယ်လုံးအတွက် Medicaid အစီအစဉ်ကို ဆောင်ရွက်ပါသည်။ ၎င်းကို Oregon Health Plan (OHP) ဟုလည်းခေါ်ပါသည်။.

**Health Share of Oregon (HSO)** ကို လက်တွဲစောင့်ရှောက်မှုအဖွဲ့အစည်း (CCO) ဟုခေါ်ပါသည်။ Health Share of Oregon သည် ကောင်တီသုံးခုဧရိယာအတွင်းရှိ OHP အဖွဲ့ဝင်များကိုဝန်ဆောင်မှုပေးရန် OHA အောက်တွင်အလုပ်လုပ်ပါသည်။.

**CareOregon** သည် ကောင်တီသုံးခုဧရိယာအတွင်းရှိ အာမခံဝန်ဆောင်မှုအဖွဲ့အစည်းအချို့မှတစ်ခုဖြစ်ပြီး Health Share CCO စောင့်ရှောက်မှုပေးနိုင်ရန် ကူညီပေးပါသည်။ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်များကို CareOregon အောက်တွင် ပေးအပ်ထားပါသည်။.

**Your primary care provider (PCP)** သည် ဆရာဝန်၊ သူနာပြုသမားတော်လက်ထောက် သို့မဟုတ် naturopath ဆရာဝန်တစ်ဦး ဖြစ်ကောင်းဖြစ်ပါမည်။ ၎င်းတို့သည် သင့်ကျန်းမာရေး စောင့်ရှောက်မှုအတွက် CareOregon နှင့် သွားဆရာဝန်၊ စိတ်ကျန်းမာရေးဆရာဝန်၊ ဆေးဝါး ကျွမ်းကျင်သူနှင့် အခြားကဲ့သို့သော အခြားဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်းလုပ်ကိုင်ပါသည်။.



## CareOregon သည် Medicaid (OHP) အဖွဲ့ဝင်များအတွက် အောက်ပါကဲ့သို့သောဝန်ဆောင်မှုများကို ပေးအပ်ပါသည်-

- ခန္ဓာပိုင်းကျန်းမာရေးစောင့်ရှောက်မှု
- စိတ်ကျန်းမာရေးစောင့်ရှောက်မှု
- မူးယစ်ဆေးဝါးသုံးစွဲမှုကုသခြင်း
- သွားကျန်းမာရေးစောင့်ရှောက်မှု
- Medicare မှ CareOregon Advantage
- အိမ်တွင်းကျန်းမာရေးစောင့်ရှောက်သူများမှတဆင့် သဆုံးကာနီးလူနာနှင့် ရောဂါဝေဒနာအပြင်းအထန်ခံစားနေရသောလူနာကို စောင့်ရှောက်မှု

## သင်သည် အောက်ပါကဲ့သို့ အရေးကြီးဝန်ဆောင်မှုများကိုလည်း အသုံးပြုနိုင်ပါမည်-

- စောင့်ရှောက်မှုညှိနှိုင်းဆောင်ရွက်ခြင်း
- ဆေးဆိုင်
- မွေးကင်းစနှင့်ကလေးစောင့်ရှောက်မှု
- သယ်ယူပို့ဆောင်ရေးရွေးချယ်မှုများ
- စကားပြန်ဝန်ဆောင်မှု
- အရေးပေါ်ဆေးပေးခန်းနှင့် အရေးတကြီးစောင့်ရှောက်မှု

## သိလိုသည်များရှိပါသလား။

သင်ပိုမိုသိရှိလိုပါသလား။ ကျွန်ုပ်တို့၏ ကူညီတတ်ကာဖော်ရွေသော သုံးစွဲသူဝန်ဆောင်မှုအဖွဲ့ကို **800-224-4840** မှဆက်သွယ်ပါ သို့မဟုတ် ကျွန်ုပ်တို့ကို **careoregon.org/portal** မှတဆင့် လုံခြုံသောစာတိုပေးပို့ပါ။

ဤအချက်အလက်များကို အခြားသောဘာသာစကား၊ စာလုံးကြီး၊ မျက်မမြင်စာ သို့မဟုတ် သင်နှစ်သက်သောပုံစံဖြင့် ရယူနိုင်ပါသည်။ သင်သည် စကားပြန်တစ်ဦးကိုလည်း တောင်းဆိုနိုင်ပါသည်။ ၎င်းအကူအညီမှာ အခမဲ့ဖြစ်ပါသည်။ **800-224-4840** သို့မဟုတ် **TTY 711** ကိုဆက်သွယ်ပါ။

**careoregon.org**